"မင်းကို ကြည့်ရတာ အတော်ပျော်နေတဲ့ပုံပါလား၊ ဘာအကြောင်းများ ရှိလို့လဲကွ"

"မင်းပဲ စဉ်းစားကြည့်လေ၊ စားသောက်ဆိုင်မှာ နေ့လယ်စာ အဝစားခဲ့တယ်၊ ဝီစကီသုံးခွက်သောက်တယ်၊ ဒါပေမယ့် တစ်ပြားမှ မပေးခဲ့ရဘူး"

"တယ်ဟုတ်ပါလား၊ မင်း ဘယ်လိုလုပ်ခဲ့လို့လဲ"

"စားပွဲထိုးကို ငါ ဟာသတစ်ပုဒ် ပြောပြတယ်၊ ဒီငနဲ ရယ်လိုက်တာ၊ ရယ်လိုက်တာ၊ ဘယ်လောက်အထိ ရယ်လိုက်သလဲဆိုရင် ပိုက်ဆံတောင်းဖို့တောင် မေ့သွားတယ်၊ ငါကလည်း သူ့ကို သတိမပေးဘူးလေ၊ ဟဲ ဟဲ"

ဤစကားကို ကြားရသော ဒုတိယဟာသသမားသည် ထိုစားသောက်ဆိုင်သို့ သွားကာ စားချင်သောက်ချင်တာကို မှာလိုက်သည်၊ စားသောက်ပြီးသောအခါ စားပွဲထိုးကို ရယ်စရာပြောသည်၊ ၎င်းပြောသော ဟာသမှာ အလွန်ရယ်စရာကောင်းသဖြင့် စားပွဲထိုးသည် အားရပါးရ ရယ်သည်၊ မျက်ရည်ထွက်လုမတတ် ဖြစ်သည်၊ ဤတွင် ဟာသသမားက စားပွဲထိုးကို ပြောသည်။

"ကျွန်တော့်ကို ပြန်အမ်းငွေပေးဖို့ မမေ့နဲ့ဦးနော်"